ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
Village Development Plan (VDP)
ရှမ်းစုကျေးရွာ၊ ညောင်ပိုင်းကျေးရွာအုပ်စု

၂၀၁၈ ခုနှစ် ကျောက်တန်းမြို့

မာတိကာ

၁။ ကျောက်တန်းမြို့နယ် မြေပုံ-----------------------------------------------------------------------------------------------၂

၂။ ညောင်ဝိုင်းကျေးရွာအုပ်စုမြေပုံ -----------------------------------------------------------------------------------------၃

၃။ ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ---------------------------------------------၄

၄။ ကျေးရွာအခြေခံအချက်အလက်များ ---------------------------------------------------------------------------------၅

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီစဉ်အတွက် အသုံးပြုခဲ့သော PRA tool များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ -----၇ မှ ၁၃

၇။ အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့် စစ်ဆေးရမည့်အချက်များ -------------------------------------၁၄

၈။ ကျေးရွာမိတ်ဆက်အစည်းအဝေးတွင် အမျိုးသမီးကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့် အချက်များ -၁၅ မှ ၁၆

၉။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ --------- ၁၇ မှ ၁၉

၁၀။ကျေးရွာကော်မတီစာရင်း ----------------------------------------------------------------------------------------၂၀

၁၁။ ပုံစံ - စ -၁၊ ကျေးရွာအချက်အလက်များ ------------------------------------------------------------၂၁ မှ ၂၃


၁၂။ ပုံစံ - ၃၊ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် -----------------------------------------------------------၂၄ မှ ၂၅

၁၃။ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ----------------------------------------၂၆ မှ ၂၇

၁၃။ အစည်းအဝေးမှတ်တမ်းများ -----------------------------------------------------------------------------၂၈ မှ ၃၀

၁၄။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် အရည်အသွေးထိန်းချုပ်မှု ( Checklist ) ------------------------------------------၃၁

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရန်ကုန်မြစ်
ဗိုလ်တထောင်ကမ်း
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

၂။ ညောင်ဝိုင်းအုပ်စုမြေပုံ


ညောင်ဝိုင်းကျေးရွာအုပ်စု ဘာသာရေးဆိုင်ရာအဆောက်အဦးများ
တည်နေရာပြမြေပုံ
သန်လျင်
၆၂၂A
၆၂၂
ရေကျော်
၆၂၁
ညောင်ဝိုင်း
၆၂၆(က)
ပါဒကြီး

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ညောင်ပိုင်းကျေးရွာ

၂။ရှမ်းစုကျေးရွာ

၃။ မြိုင်သာယာကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

**၁။ ကျေးရွာသမိုင်းအကျဉ်း**

ရှေးယခင် နှစ်ပေါင်း (၁၀၀)ကျော်ခန့်က ဝါးတောကြီးထဲသို့ ရှမ်းလူမျိုးများနေထိုင်လာပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကာ ပြောင်းရွှေ့နေထိုင်ရာမှ ရှမ်းစုကျေးရွာ အမည်တွင်လာခဲ့ပါသည်။ ရှမ်းစုကျေးရွာသည် ကျောက်တန်းမြို့အပိုင်တွင် တည်ရှိပြီး တောင်ဘက်တွင် ရွှေပျောက်ကျေးရွာ၊ မြောက်ဘက်တွင် သန်လျင်နည်းပညာတက္ကသိုလ်၊ အရှေ့ဘက်တွင် မြိုင်သာယာကျေးရွာ၊ အနောက်ဘက်တွင် သီလဝါစက်မှုဇုံတို့ တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးတွင် ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်၍ မိုးရာသီတွင် သွားလာရာ ခက်ခဲပါသည်။ သောက်သုံးရေများတွင်လည်း လက်တူးရေတွင်းများတူးကာ အသုံးပြုကြပြီး မြေသားများသည် ကျောက်ကုန်းမြေသားများဖြစ်သောကြောင့် ရေတွင်းနက်တူးရန် အဆင်မပြေသောကြောင့် နွေရာသီတွင် ရေများခန်းခြောက်သွားသဖြင့် သောက်သုံးရေလုံလောက်မှုမရှိပေ။ စိုက်ပျိုးရေးလုပ်ငန်းများတွင် အခက်အခဲများ တွေ့ကြုံရပါသည်။ လူမှုရေး လုပ်ငန်းများတွင် ရွာသူ/သားများမှာ စည်းလုံးမှုအားကောင်း၍ လှူဒါန်းမှု ရက်ရောကြပါသည်။ ကျန်းမာရေးပိုင်းတွင်လည်း ရွာတွင်းဆေးပေးခန်း မရှိသောကြောင့် ကျောက်တန်း၊ မြိုင်သာယာ၊ သန်လျင်သို့သွားရောက် ဆေးကုသခံယူကြပါသည်။ ပညာရေးတွင် အ.မ.က ကျောင်းသာရှိသောကြောင့် အလယ်တန်းနှင့် အထက်တန်းကျောင်းနေကလေးများသည် မြိုင်သာယာနှင့် ကျောက်တန်းသို့ တက်ရောက်ပါသည်။

ရာသီအလိုက်စိုက်ပျိုးရေး နှင့် စက်ရုံကြီးများတွင် လစား လုပ်ငန်းများအပြင် ကျပန်းလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပါသည်။ ဝင်ငွေအသင့်အတင့် ကောင်းမွန်မှု ရှိပါသည်။ ပညာရေးကို အလေးထား ဆောင်ရွက်ကြပါသည်။ ဘာသာတရား ကိုင်းရှိုင်းပြီး စည်းလုံးညီညွတ်၍ တစ်ဦးကို တစ်ဦး ရိုင်းပင်း ကူညီကြပါသည်။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၂၀ | ၂၀ | ၂၈ | ၄၈ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၃၈ | ၁၉ | ၂၃ | ၄၂ |
| မြေယာမဲ့ | ၁၅၀ | ၂၀၀ | ၃၀၀ | ၅၀၀ |
| မသန်စွမ်း | ၁၅ | ၇ | ၈ | ၁၅ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| ဘူး | ကြက် | ဆိုင်ကယ်ပြင်ဆိုင် | နိုင်ငံခြားသွား |
| ပဲလင်းမွေ | ဝက် | ဘိလိယက်ခုံ | |
| သခွါး | ဆိတ် | စျေးဆိုင် | |
| ခရမ်း၊ မုံလာ | နွား | | |
| ချဉ်ပေါင်၊ ကဇွန်း | | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှု များ | စိုက်ပျိုး မြေ | စားကျက် မြေ | ဉယျာဉ်မြေ | သဲ/ကျောက်ရရှိ မှု | ရေတွင်း/ရေကန် | စက်ရေ တွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၃၀ | - | - | - | ၅၀/- | ၃၀ |
| ကျေးရွာပိုင်ဆိုင်မှု များ | ကား | ထော်လာဂျီ | စပါးကြိတ် စက် | ခြွေလှေ့စက် | လယ်ယာသုံး စက် | စျေးဆိုင် |
| အရေအတွက် | ၅ | ၂ | - | ၂ | - | ၅ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၁၅ | ၃ | ၃ | ၂၀ | ၇၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၁၀၀ | ၂၅၀ | ၂၀ | ၁၀၀ | - |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၁၄-၁၁-၂၀၁၆ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ ဝန်ထမ်း | ၂၃ | ၂၀ | ၄၃ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် | ၁၄-၁၁-၂၀၁၆ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ ဝန်ထမ်း | ၂၃ | ၂၀ | ၄၃ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှု အဆင့် သတ်မှတ်ချက် | ၁၄-၁၁-၂၀၁၆ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၂၃ | ၂၀ | ၄၃ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သုံးသပ်ချက် | ၁၄-၁၁-၂၀၁၆ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၂၃ | ၂၀ | ၄၃ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၁၄-၁၁-၂၀၁၆ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၂၃ | ၂၀ | ၄၃ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၁၄-၁၁-၂၀၁၆ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ ဝန်ထမ်း | ၂၃ | ၂၀ | ၄၃ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ


### ၁။လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။




**သုံးသပ်ချက်**

ရှမ်းစုကျေးရွာသည် ကျောက်တန်းမြို့နှင့် (၂)မိုင်ခန့်ကွာဝေးပြီး မိနစ်(၂၀)ခန့် သွားရပါသည်။ရှမ်းစုကျေးရွာတွင် အိမ်ထောင်စု (၃၀၀)စု ရှိပါသည်။ ကျေးရွာသူ/သားများသည် အသက်မွေးဝမ်းကျောင်းများ အနေဖြင့် ရာသီလိုက် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ထို့နောက် သီလဝါစက်မှုဇုန် အနီးတဝိုက်တွင် တည်ရှိသောကြောင့် စက်ရုံကြီးများတွင် ဝန်ထမ်းလုပ်ကိုင်ခြင်းနှင့် ကျပန်းလုပ်ကိုင်ကြပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်း ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာကို ကိုးကွယ်ကြပါသည်။ ဗုဒ္ဓဘာသာ ကိုးကွယ်သောအိမ်ထောင်စုမှာ (၂၈၀)စု ရှိပြီး ဟိန္ဒူဘာသာကို ကိုးကွယ်သောအိမ်ထောင်စုမှာ (၂၀) စု ရှိပါသည်။ အခြေခံအဆောက်အအုံ အနေဖြင့် အ.မ.က စာသင်ကျောင်းနှင့် စာကြည့်တိုက်လည်းရှိပါသည်။ သောက်သုံးရေအနေဖြင့် ရေတွင်းများရှိသော်လည်း ကျောက်ကုန်းသဲကြောမြေဖြစ်သည့် အတွက် နွေရာသီတွင် ရေရှားပါသော ပြဿနာများနှင့် ကျံုတွေ့ရပါသည်။ ရွာတွင်းလမ်းဆက်သွယ်ရေး အနေဖြင့် မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရန် ခက်ခဲပါသည်။

၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။





**သုံးသပ်ချက်**

ရှမ်းစုကျေးရွာတွင် ချမ်းသာ၊ အလယ်အလတ်၊ ဆင်းရဲ၊ အလွန်ဆင်းရဲဟူ၍ လူမှုအဆင့် (၄)ဆင့်ရှိပါသည်။ ချမ်းသာသော အဆင့်မှာ တိုက်အိမ်၊ လယ်-၁၀ ကေအထက်၊ ကား၊ ဆိုင်ကယ်၊ကျောင်းထားနိုင်၊ နွား၊TV စသည်တို့ပိုင်ဆိုင်ပြီး အိမ်ထောင်စုမှ (၂၀)စုနှင့် ရာခိုင်နှုန်းမှာ(၇%)ရှိပါသည်။ အလယ်အလတ်ရှိသောအဆင့်တွင် ပျဉ်ထောင်၊ သွပ်မိုးအိမ်၊ ပျဉ်ကာ၊ လယ်(၅)ကေ၊ ဆိုင်ကယ်ကယ်ရီ၊ ကျောင်းထားနိုင်၊ TV တို့ပိုင်ဆိုင်ကြသော အိမ်ထောင်စုမှာ (၅၁) စုနှင့် ရာခိုင်နှုန်းမှာ (၁၈%) နှင့် ဆင်းရဲသောအဆင့်မှာ ဝါးခနီးမိုး ထရံကာအိမ်၊ ကျပန်းလက်လုပ်လက်စား၊ အထည်ချုပ်စက်ရုံအလုပ်ဆင်း၊ အလုပ်အကိုင်အခွင့်လမ်းမရှိသူ ဝင်ငွေရရှိမှုနည်းသောအိမ်ထောင်စုမှာ (၂၀၇)စု ရာခိုင်နှုန်းမှာ (၇၁%) ရှိပြီး၊ အလွန်ဆင်းရဲသောအဆင့်တွင် အိမ်မရှိ၊ မြေမရှိ၊ အိမ်ငှါးနေ၊ ကျပန်းလုပ်သား၊ အကြွေးများရှိသော အိမ်ထောင်စုမှာ (၁၃)စု ရာခိုင်နှုန်း(၄)%ရှိသည်ဟု ကျေးရွာသူရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

ကျေးရွာအတွင်း နွမ်းပါးရခြင်းမှာ လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမရှိဘဲ နေ့စားကျပန်းလုပ်ငန်းများလုပ်ကိုင်ခြင်း ၊ ပညာအရည်အချင်းနည်းပါးရခြင်း ၊ အရင်းအနှီးမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။ ကျေးရွာသို့ လူထုဗဟိုပြုစီမံကိန်း ရောက်ရှိလာခြင်းကြောင့် နွမ်းပါးသူများ အလုပ်အကိုင် အခွင့်လမ်းများရရှိလာကာ စားဝတ်နေရေးပြေလည်၍ ကျောင်းသူ/ကျောင်းသားများ၏ ပညာရေးတွင် အထောက်အကူ ရရှိလာသဖြင့် ပညာတတ်များ ပေါ်များလာနိုင်မည်ဖြစ်သည်။

၃။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း။




**သုံးသပ်ချက်**

**ထိန်းချုပ်မှု** ကျေးရွာအရင်းအမြစ်ထိန်းချုပ်မှုတွင် အမျိုးသားများက ကား၊ စက်ဘီး၊ စိုက်ပျိုးရေး၊ ဆိုင်ကယ်၊ လယ်၊ထွန်စက်၊ တို့ကိုထိန်းချုပ်ထားပါသည်။ အမျိုးသမီးများမှာ အပ်ချုပ်စက်၊ ဈေးဆိုင်၊ အိုးခွက်ပန်းကန် စသည်တို့ကို ထိန်းချုပ်ထားပါသည်။ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးထိမ်းချုပ်ထားသော အရင်းအမြစ်များမှာ လမ်း၊ တံတား၊ စာကြည့်တိုက်၊ ရေ၊ မီး စသည့် အရင်းအမြစ်များကို ထိန်းချုပ်ထားပါသည်။

**အသုံးပြုမှု** ကျေးရွာ၏ အရင်းအမြစ်ဖြစ်သော ဆိုင်ကယ်/ စက်ဘီး၊ လယ်၊ စိုက်ပျိုးရေး စသည်တို့ကို အမျိုးသားများအသုံးပြုပြီး အပ်ချုပ်စက်၊ ဈေးဆိုင်၊ အိုးခွက်ပန်းကန် တို့အား အမျိုးသမီးများသာ အသုံးပြု၍ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးအသုံးပြုသော အရင်းအမြစ်များမှာ လမ်း၊ တံတား၊ ဘုန်းကြီးကျောင်း၊ စက်ရုံ ၊ သစ်တော၊ ရေ၊ မီး ၊ စာကြည့်တိုက် စသည်တို့ကို အသုံးပြုကြပါသည်။

## ၄။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။




**သုံးသပ်ချက်**

**ရာသီဥတု**

တန်ခူး၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်းလများတွင် နေပူ၍ ကဆုန်၊ နယုန်လများတွင် မိုးရွာသွန်းလာပြီး ဝါဆို၊ ဝါခေါင်လများတွင် မိုးများပါသည်။ တော်သလင်း၊ သီတင်းကျွတ်လများတွင် မိုးအနည်းငယ်သာရွာ၍ ရာသီဥတုသာယာပါသည်။

**စိုက်ပျိုးရေး** ၁၂ ရာသီးလုံး ရာသီသီးနှံဖြစ်သော ဘူးးပဲလင်းမွေ၊ သခွါး၊ ခရမ်း၊ မုံလာ၊ ချဉ်ပေါင်၊ ကဇွန်း များကို စိုက်ပျိုးကြပါသည်။

**မွေးမြူရေး** ၁၂ ရာသီပတ်လုံး မိသားစုတပိုင်တနိုင်ဝင်ငွေရရှိရန်အတွက် ကြက်၊ ဝက်၊ ဘဲ၊ နွားဆိတ် တို့ကို မွေးမြူကြပါသည်။

**ကျန်မာရေး** ကဆုန်လနှင့် သီတင်းကျွတ်လများတွင် ရာသီအကူးအပြောင်းဖြစ်သောကြောင့် ဖျားနာခြင်းများ နှင့် နာစေးခြင်း၊ ချောင်းဆိုးခြင်းတို့ဖြစ်လေ့ရှိပါသည်။

**လမ်းပန်းဆက်သွယ်ရေး** တန်ခူး၊ ကဆုန်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလ်၊ တပို့တွဲ၊ တပေါင်း၊ လများတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကာ နယုန်လ၊ တော်သလင်းလများတွင် အနည်းငယ် ခက်ခဲလာပြီး ဝါဆို၊ ဝါခေါင်၊ လတွင် အခက်အခဲဆုံးလဖြစ်ပါသည်။

**သဘာဝဘေးအန္တရယ်** ၁၂ ရာသီပတ်လုံး လေပြင်းများတိုက်ခက်နေပြီး မိုးတွင်းကာလတွင် မိုးများပါသည်။

**လုပ်ငန်းအားလပ်ချိန်** တနှစ်ပါတ်လုံး သီလဝါစက်မှုဇုံအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ၊ လမ်းလုပ်ငန်းများတွင် နေ့စားလုပ်သား၊ လခစားဝန်ထမ်းများ ဝင်ရောက်လုပ်ကိုင်ကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း တစ်နှစ်ပါတ်လုံး လုပ်ကိုင်ကြသဖြင့် အားလပ်ချိန် နည်းပါးလှပါသည်။

**ဝင်ငွေ/ထွက်ငွေ** လက်လုပ်လက်စားများသောကြောင့် တစ်နှစ်ပါတ်လုံး နေ့စဉ် ဝင်ငွေနှင့်ထွက်ငွေ မျှတနေသည်ကို တွေ့ရှိရပါသည်။

### ၅။ ပင့်ကူအိမ် သုံးသပ်ချက်။




**သုံးသပ်ချက်**

**ဦးဆောင်နိုင်မှု** ကျေးရွာ၏ဘာသာရေး၊ သာသနာရေး အစရှိသည်တို့တွင် အမျိုးသမီးများ၏ ဦးဆောင်နိုင်မှုမှာ မြန်မာ့ထုံးတမ်းအစဉ်လာအရ အမျိုးသားများကသာ ဦးဆောင်နေသည်ကိုတွေ့ရှိရပါသည်။

**ပညာရေး** အမျိုးသမီးများသည် အမျိုးသားများထက် ပညာရေးသင်ယူခွင့် ပိုမိုများသည်ကို တွေ့ရှိရပါသည်။

**ကျန်းမာရေးအသိပညာ** အမျိုးသမီးများသည် အမျိုးသားများထက် ကျန်းမာရေးအသိပညာ ပိုမိုသိရှိသည်ကို တွေ့ရှိရပါသည်။

**အလုပ်ကိုင်အခွင့်လမ်း** ကျေးရွာအတွင်းအမျိုးသားများ (၅)အဆင့်ရှိ၍ အမျိုးသမီးများမှာ (၇)အဆင့်ရှိသည့်အတွက် အမျိုးသမီးများမှာ အလုပ်အကိုင် အခွင့်အလမ်းမှာ ပိုများသည်ကို တွေ့ရှိရပါသည်။

**ဝင်ငွေရရှိမှု** လုပ်အားခကွာခြားမှုအရ အမျိုးသားများ၏ ဝင်ငွေမှာ အမျိုးသမီးများထက် ပိုမိုများသည်ကို တွေ့ရှိရပါသည်။

**အိမ်မှုကိစ္စ** အမျိုးသားများမှာ အိမ်မှုကိစ္စများတွင် ယခင်နှစ်ကထက် ပိုမိုပူးပေါင်းပါဝင်လာသည်ကို တွေ့ရှိရပါသည်။

**လူမှုရေး** လူမှုရေးဆောင်ရွက်မှုများတွင် အမျိုးသားများနှင့် အမျိုးသမီးများ၏ အဆင့်မှာ ခြားနားမှု အနည်းငယ်သာ ကွာခြားသည်ကို တွေ့ရှိရပါသည်။

**ဆုံးဖြတ်ချက်ချခြင်း** ကျေးရွာအတွင်းဆုံးဖြတ်ချက်များချရာတွင် အမျိုးသားများက အမျိုးသမီးများထက် ပို၍ဆုံးဖြတ်ချက်ချနိုင်သည်ကို တွေ့ရှိရပါသည်။

အချုပ်အားဖြင့် အမျိုးသားများသည် ပထမနှစ်စက်ဝန်းထက် ဒုတိယနှစ်စက်ဝန်းတွင် ပိုမိုပူးပေါင်းပါဝင်လာသည်ကို တွေ့ရှိရပါသည်။

## ၆။ ဗင်းပုံစံ သုံးသပ်ချက်။




### သုံးသပ်ချက်

ရှမ်းစုကျေးရွာအတွင်းဖွဲ့စည်းထားသော ဂေါပကအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖတို့သည် ကျေးရွာ၏ ဘာသာရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ကျေးရွာ၏ ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ပက်မြန်မာ၊ အေစီလီတာအဖွဲ့တို့က အုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းပြီး ချေးငွေလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့တို့သည် နာရေးကူညီမှုအသင်းနှင့် ပူးပေါင်းကာ နာရေးကူညီမှုများအပြင် အခြားလူမှုရေးလုပ်ငန်းများကိုပါ လုပ်ကိုင်ကြပါသည်။ မီးသတ်အဖွဲ့သည် ကျေးရွာမီးဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများကို လုပ်ကိုင်ပါသည်။ မြို့နယ်အုပ်ချုပ်ရေးနှင့် ပညာရေးမှူးတို့သည် ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့တို့နှင့် ပူးပေါင်းကာ ပညာရေးကောင်းမွန်ရန်နှင့် ရပ်ရွာလုံခြုံအေးချမ်းရေးကို ဆောင်ရွက်ပေးနေပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများကို ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေး၏ အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ်ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။

ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြု လုပ်သော လုပ်ငန်းခွဲများတွင် အမျိုးသမီးများမှ တင်ပြတောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။

စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန်အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။

အမျိုးသားများမှလည်း ပံ့ပိုးကူညီပေး ရမည်ဖြစ်သည်။ ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့်အုပ်စုများ ဖွဲ့၍ အခက်အခဲများ၊ မျှော်မှန်းချက်များ၊ ဖွံ့ဖြိုး ရေးလုပ်ငန်းခွဲများ ထွက်ပေါ်လာသည်ထိ ဖော်ထုတ်ခြင်း လုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။** **ရက်စွဲ - ၁၁.၁၀.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။ | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး | √ | | |

| | | | | |
|---|---|---|---|---|
| | ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အုပ်စုအစည်းအဝေး၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသား/အမျိုးသမီး အုပ်စု မှတ်တမ်းတင်ဓါတ်ပုံ။



ဝယ်ယူရေးစီမံချက်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွင်အန္တရယ်ကင်းဝေးရေးအသိပညာပေးမှတ်တမ်းဓါတ်ပုံ



ဒုတိယနှစ်စက်ဝန်း စီမံကိန်းလုပ်ငန်းခွဲ မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



ပထမနှစ်စက်ဝန်း စီမံကိန်းလုပ်ငန်းခွဲ မှတ်တမ်းဓါတ်ပုံ

၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးဝေမှူးကျော် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်အုန်းသိန်း | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးကျော်လွင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဒေါ်ကျင်သိန်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်ခင်နွဲ့ | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၆ | ဦးလှစိုးသိန်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၇ | ဦးမြင့်ဦး | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၈ | ဒေါ်သူဇာမြင့် | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးဝင်းအောင် | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၀ | ဒေါ်အုန်းသန်း | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဦးငွေဝင်း | ကျား | စေတနာ့ဝန်ထမ်း |
| ၁၂ | ဒေါ်စန္ဒာလွင် | မ | စေတနာ့ဝန်ထမ်း |
| ၁၃ | ဦးဝင်းညွန့် | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၃) ယောက် ကျား-(၇) ယောက် +မ-(၆) ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဒေါ်အုန်းသိန်း ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ
၂။ဦးဝေမှူးကျော် ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီအဖွဲ့ဝင်

**မှတ်တမ်းတင်သူ**

အမည်။ ဦးအောင်မြင့်လှိုင်

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ - ၁၃ . ၁၁ . ၂၀၁၇

၄။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်ပုံစံ

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

**လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း [illegible] Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးမျိုးလှိုင် | ၀၉ - ၂၅၁၀၆၄၇၁၀ | ဦးအောင်မြင့်လှိုင် |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် ကျောက်တန်း | ကျေးရွာအုပ်စု ချောင်ဆိပ် | ကျေးရွာ ဌမ်းခ |
|---|---|---|---|

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၂၈၀ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၂၈၀ |
| လူမျိုးစု (၂) ---ပအိုဝ်း--- | ၂၀ | ဘာသာ (၂) ---ဗုဒ္ဓ--- | ၂၀ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁၅ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄၂ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၅၁၀ | ၆၉၀ |
| လူမျိုးစု (၁)---ဗမာ- | ၄၉၀ | ၆၆၂ |
| လူမျိုးစု (၂)---ပအိုဝ်း | ၂၀ | ၂၈ |
| လူမျိုးစု (၃)---------- | - | - |
| အခြား | - | - |
| အိမ်ထောင်ဦးစီး | ၂၆၄ | ၃၆ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | (ကွန်ကရစ်လမ်း) | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်စင်းလမ်း | မြေသားလမ်း | လှည်းသွားလမ်း | အခြား _______ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ (ဝိုင်းပါ)

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — ခုနှစ်---------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၃ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၃၀ မိနစ် ခြေကျင်/လှည်း/ဆိုင်ကယ်/လှေ/ကား/မော်တော်ဘုတ်/ (ဆိုင်ကယ် circled)

မိုးရာသီတွင်ကြာချိန် ၁၀ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/ကား/မော်တော်ဘုတ်/ (မော်တော်ဆိုင်ကယ် circled)

အခြား

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]

(၂)

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင်

အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 11. 10. 2017

လူထုစည်းရုံးရေးမှူး

အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 11. 10. 2017

## စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| **လမ်းညွှန်ချက်။** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဦးအောင်မြင့်လှိုင် | | |
| နေ့စွဲ | ၁၁.၁၀.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ရန်ကုန် | မြို့နယ် ကော့မှူး ကျေးရွာအုပ်စု သောင်ဒိုင် | ကျေးရွာ | ဒါးနီ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | စာကြည့်တိုက်ပစ္စည်းများ လိုအပ်ခြင်း | ၁ | မိုးရာသီတွင် သွားလာရခက်ခဲခြင်း |
| ၂ | အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်း | ၂ | သောက်သုံးရေ မလုံလောက်ခြင်း |
| ၃ | ကျေးရွာခန်းမ မရှိခြင်း | ၃ | လျှပ်စစ်မီး မရှိခြင်း |
| ၄ | ကျောင်းသားများအတွက် ထမင်းစားဆောင်လို | ၄ | ဆေးပေးခန်း မရှိခြင်း |
| ၅ | ဘိုးဘွားရိပ်သာ လိုအပ်ခြင်း | ၅ | စာသင်ကျောင်းနေရာ လုံလောက်မှု မရှိခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | စာကြည့်တိုက်ပစ္စည်း ပြည့်စုံစေချင်ပါသည်။ | ၁ | ရွာတွင်လမ်းများ ကောင်းမွန်စေချင်ပါသည်။ |
| ၂ | အလုပ်အကိုင် များပေါများစေချင်ပါသည်။ | ၂ | မိုးရာသီ သောက်ရေ မှန်မှန်ရစေချင်ပါသည်။ |
| ၃ | ကျေးရွာခန်းမ ရှိချင်ပါသည်။ | ၃ | ရွာတွင်း လျှပ်စစ်မီး ရရှိစေချင်ပါသည်။ |
| ၄ | ကျောင်းတွင် ထမင်းစားဆောင်လိုချင်ပါ | ၄ | ကျန်းမာရေး ဆေးပေးခန်း ရှိစေချင်ပါသည်။ |
| ၅ | ဘိုးဘွားရိပ်သာ ရှိစေချင်ပါသည်။ | ၅ | စာသင်ဆောင်များ ပြည့်စုံစေချင်ပါသည်။ |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ရွာမလမ်းမကြီး | ကျ + မ | ၁၁၂၅၀၀၀၀၀ | ၁၃၀၀ ဦး |
| ၂ | လျှပ်စစ်မီး၊ လမ်းမီး | ကျ + မ | ၅၀၀၀၀၀၀၀ | ၁၃၀၀ ဦး |
| ၃ | နှီးမှုန့်လမ်း | ကျ | ၅၂၀၀၀၀၀၀ | ၁၃၀၀ ဦး |
| ၄ | သောက်ရေတွင်း | ကျ + မ | ၃၅၀၀၀၀၀ | ၁၃၀၀ ဦး |
| ၅ | စာသင်ဆောင် (တိုးချဲ့) | ကျ + မ | ၃၀၀၀၀၀၀ | ၁၃၀၀ ဦး |
| ၆ | မူကြိုကျောင်း | ကျ + မ | ၁၀၀၀၀၀၀၀ | ၁၃၀၀ ဦး |
| ၇ | ဆေးပေးခန်း | ကျ | ၈၀၀၀၀၀၀ | ၁၃၀၀ ဦး |
| ၈ | ကျေးရွာခန်းမ | မ | ၇၀၀၀၀၀၀ | ၁၃၀၀ ဦး |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဥ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဥ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အလုပ်အကိုင် အခွင့်အလမ်း | ကျ + မ | အသက်မွေးဝမ်းကျောင်း |
| ၂ | အရင်းအနှီး + အထောက်အပံ့ | ကျ + မ | |
| ၃ | အသက်မွေးဝမ်းကျောင်း သင်တန်း | ကျ + မ | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် ဒေါ်အုန်းသိန်း လက်မှတ် [signature] နေ့စွဲ ၁၁.၁၀.၂၀၂၃

မြိုင်သာယာကျေးရွာ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | မြောင်း (၂) ခုံး။ | ☐ မ ☐ ကျား | | |
| | ၂ | ချောင်းရိုးများ မြစ်ပေါ်လာရေး | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စီးပွားရေး | ၁ | အသက်မွေးပညာသင် တန်းကျောင်း | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | အထက်တန်း ကျောင်း ရရှိရေး | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အကြွေး | ၁ | မြို့(၁)ကမ်းနားလမ်း မီးသွယ်ရန် (လျှပ်စစ်) | ☐ မ<br>☐ ကျား | | |
| | ၂ | နာရေးကူညီမှု ရန်ပုံငွေ | ☐ မ<br>☐ ကျား | | |
| | ၃ | လျှပ်စစ်လမ်းမီး သွယ်တန်းရန် | ☐ မ<br>☐ ကျား | | |
| | ၄ | ဝမ္ဘာ့ မြစ်ဆိပ်လာ စေရန် | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |

ဦးအောင်မြင့်ကြိုင် (CF)

## ၁၁။ အစည်းဝေးမှတ်တမ်း

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ ။ ရှမ်းစုကျေးရွာ၊ ရှမ်းစုဘုန်းတော်ကြီးကျောင်း

ပြုလုပ်သည့်နေ့ရက် ။ 12.11.2017

ပြုလုပ်သည့်အချိန် ။ နေ့လည် ၂:၀၀ နာရီ မှ ၃:၀၀ ထိ

ကျေးရွာအုပ်စုအမည် ။ ညောင်ခိုင်ကျေးရွာအုပ်စု

မြို့နယ်အမည် ။ ကျောက်တန်းမြို့

---

တက်ရောက်သူဦးရေ ကျား = ၈၃ + မ = ၇၁ = ပ = ၁၅၄ ဦး

ရည်ရွယ်ချက်။ ။ လူထုဗဟိုပြုစီမံကိန်း ဒုတိယ နှစ်ပတ်လည် စီမံကိန်း ဆိုင်ရာ အစည်းအဝေး ပြုလုပ်ခြင်း

ဆွေးနွေးချက်။ ။ ကျေးရွာ ရပ်ရွာ ရေးမှူး မှ အဖွင့်အမှာ စကား ပြောကြားပြီး - လူထုအဖွဲ့ဝင်များ မှ လူထုဗဟိုပြု စီမံကိန်း ၏ ရည်ရွယ်ချက်၊ ကျေးရွာလူထု နှင့် ကော်မတီ ဝင်များ၏ တာဝန် နှင့် ဝတ္တရားများ၊ စီမံကိန်း ဆိုင်ရာ အား ရှင်းလင်း ပြောကြားခြင်း များကို ဆောင်ရွက်ခဲ့ ပါသည်။

ထို့နောက် လူမှုအခြေခံ လိုအပ်ချက်များ ကို ကျေးရွာလူထု နှင့် အတူ ပူးပေါင်း ဆောင်ရွက် ပြီး ရွာလူထုအား မေးမြန်း ရှင်းလင်း ပြော ကြားခဲ့ပါသည်။ ကျား၊ မ ရောဂါ ကာကွယ်ရေး များ ကို လည်း ပူးပေါင်း ဆွေးနွေး ပြီး အမျိုးသ သမီး များ၏ အခြေအနေ များကို သိရှိ အောင်

- သုံးစွဲခြင်း များသည့် ပြီးခဲ့သော ပထမနှစ် ကာလအတွင်း
တက်ဖို့ ဒီကြောင်း လာသည့်ကို တွေ့ရှိရပြီး
ဒုတိယနှစ် ကာလအတွင်းတွင်လည်း ဂေဟစနစ် ပိုမို ပူးပေါင်း
ပါဝင်လာရန် ဆုံးဖြတ် ဆွေးနွေးခဲ့ပါသည်။

ဆုံးဖြတ်ချက်။ - ဒုတိယနှစ် စီမံကိန်းကာလအတွင်း အစည်းအဝေး၊
အမျိုးသမီး လုပ်ငန်း၊ တိုးတက်ရေး ရည်ရွယ်ချက်၊
ဂေဟစနစ် ပူးပေါင်းဆောင်ရွက်ရေး၊ ကျေးရွာ ဖွံ့ဖြိုး
တိုးတက်ရေးအတွက် မပြီးဆုံးသေးသော လုပ်ငန်း
လမ်းကြောင်းများ ကွန်ရက်ချိတ်ဆက်ခြင်း ရှင်းလင်း
လူထုနှင့် ဆက်ဆံရေး များ ဂေဟစနစ် ပူးပေါင်း
ဆောင်ရွက်ရန် ဆွေးနွေး ဆုံးဖြတ်ခဲ့ပါသည်။

သဘောတူညီချက်။ - စီမံကိန်း မိတ်ဆက် အစည်းအဝေး မှ ဆွေးနွေးချက်
ဆုံးဖြတ်ချက် များအား တက်ရောက်လာသော ရပ်မိ
ရပ်ဖများ၊ ဆက်ဆံရေးများ၊ ရွာလူထုများ မှ
သဘောတူညီကြောင်း လက်မှတ်ရေးထိုးခဲ့ပါသည်။

12/11/17

မှတ်တမ်းတင်သူ
ဦးအောင်မြင့်ဆိုင်
ရွာဥက္ကဋ္ဌ ဦး ရေးမှူး

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ပြုလုပ်သည့်နေရာ | ။ ရှမ်းခုကျေးရွာ ၊ ရှမ်းခု ဘုန်းတော်ကြီးကျောင်း |
| ပြုလုပ်သည့်နေ့ရက် | ။ 13 - 11 - 2017 - |
| ပြုလုပ်သည့်အချိန် | ။ နေ့လည် ၁၂:၀၀ နာရီ မှ ၃:၀၀ နာရီထိ |
| ကျေးရွာအုပ်စုအမည် | ။ ချောင်းဦးကျေးရွာအုပ်စု |
| မြို့နယ်အမည် | ။ ကျောက်တန်း |

---

တက်ရောက်သူ - ကျား - ၆၁ ၊ မ - ၉၅ - စုစုပေါင်း = ၁၅၆ ဦး

ရည်ရွယ်ချက် ။ - ရှမ်းခုကျေးရွာ စီမံကိန်း အကောင်အထည်ဖော်မှုကော်မတီ နှင့် လုပ်ငန်းခွဲ အတည်ပြုခြင်း

ဆွေးနွေးချက် - - ရှမ်းခုကျေးရွာ စီမံဆောက် ခေါင်းဆောင် ဒေါ်ဝိုင်း သိန်း မှ ဒုတိယအကြိမ် အတွက် ကော်မတီဝင် များ ပထမ အကြိမ်ထက် ပိုမို စည်းလုံး ပူးပေါင်းဆောင်ရွက် ရန် နှင့် အပ်ကော်မတီများ အလိုက် တာဝန်ယူမှု တာဝန်ခံမှု ယခင်အကြိမ်ထက် ပိုမို ရှိလာစေရန် ၊ ပထမ အကြိမ်တွင် မပြီးဆုံးသေးသော ကျေးရွာတွင်း လမ်းမ ကြီးအား ကွန်ကရစ်လမ်း ဆက်လက်ခင်းရန် အဆိုပြု ဆွေးနွေးခဲ့ပါသည်။

ဝယ်ယူရေးခေါင်းဆောင် မှလည်း ယခင်အကြိမ်မှ ရရှိခဲ့သော အတွေ့အကြုံများကို သင်ခန်းစာယူ၍ ဒုတိယ အကြိမ်တွင် ပစ္စည်း အရည်အသွေး ပိုမိုကောင်းမွန် ရန် ၊ ဈေးနှုန်း သက်သာရန် ကြိုးစား ဆောင်ရွက်မည် ဖြစ် သဖြင့် အားလုံး ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက် တွန်း ဆွေးနွေးခဲ့ပါသည်။

ကျေးရွာ ဒေသခံရင်းကျိုး နှင့် ဆောင်ရွက်သည့် ကြီးကြပ်ရေး အဖွဲ့တို့မှ လည်း ဒုတိယ နှစ် ဆက်ဝန်းတွင် အများအပြား နည်းဂျပ် အတွက် ရရှိ မှတ်ချက် စာရင်းများ၊ မှတ်တမ်း များထား၍ ကြီးကြပ်သွားမည့်အကြောင်း ဆွေးနွေးခဲ့ပါသည်။

စောင့်ကြပ်မှု အဖွဲ့မှလည်း ဒုတိယ နှစ်တွင် ပထမ နှစ်ထက် စောင့်ကြပ်မှု လာများ တတ်နိုင်သလောက် ဆွေးနွေးခဲ့ပါသည်။ ကော်မတီ ဝင်များ အားလုံးမှ လည်း ဒုတိယ နှစ် ဆက်ဝန်း အား အတူတကွ ပူးပေါင်း ဆောင်ရွက်သွားမည့်အကြောင်း နှင့် ရွာလူထုမှ လည်း ကော်မတီဝင်များ အားလုံးကို သဘောတူညီကြောင်း အတည်ပြုခဲ့ပါသည်။

ဆုံးဖြတ်ချက်။ ။ မပြီးဆုံးသေးသော ရွာလည့်လမ်းမကြီး အား အကောင်အထည် ပြီးဆုံးသည်အထိ ဆောင်ရွက်မည် နှင့် ကော်မတီဝင်များ အားလုံး အကောင်အထည် လုပ်ကိုင်သွားကြမည်ဟု ဆုံးဖြတ်ခဲ့ကြပါ သည်။

သဘောတူညီချက်။ ။ ပထမဦးစားပေး ဖြစ်သော ရွာဝင်လမ်းမကြီး ကွန်ကရစ်လမ်း အကောင်အထည်ဖော်ရန် နှင့် ကော်မတီဝင်များ အားလုံး အား ကောင်းကွက် သူမတို့ အကောင်အထည်ပေါ်သွားရန် အတွက် တက်ရောက်လာ သော ဖွံ့ဖြိုးရေးမှူး၊ ရပ်မိရပ်ဖ၊ ကြီးကြပ်ရေးမှူး နှင့် ရွာ လူထု မှ သဘောတူညီကြောင်း လက်မှတ်ရေးထိုးကြပါသည်။

(လက်မှတ်) 13/11/17

မှတ်တမ်းတင်သူ
ဦးအောင်မြင့်ညိုင်
လူထုစည်းရုံးရေးမှူး

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ - ရက်စွဲ-၅-၂-၂၀၁၈ ကျေးရွာ- ရှမ်းစုကျေးရွာ

VDP ရက်စွဲ- ၁၀-၂-၂၀၁၈ မြို့နယ်- ကျောက်တန်း ကျေးရွာအုပ်စု- ညောင်ပိုင်း

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ။
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ။
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ။